ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ စနေနေ့ (21-2-2009) (၅၉၆၁)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုအား ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံမှူးကြီး Mr. Wang Zongying နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်ခံ တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror
၂၁-၂-၂၀၀၉
(စနေနေ့)

ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောသစ်ပင်စုံလင် ဘေးမဲ့တောများ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပါဝင်

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ သဘာဝတောတောင်ရေမြေ ဖြစ်တည်နေမှုအနေအထားအရ ဇီဝမျိုးစုံမျိုးကွဲများစွာကို တွေ့ရှိရသည်။ လိပ်ပြာမျိုးပေါင်းတစ်ထောင်ကျော်၊ လင်းနို့မျိုးပေါင်းကိုးဆယ်ကျော်၊ ငှက်မျိုးပေါင်းတစ်ထောင်ကျော်နှင့် ပန်းပင်မျိုးပေါင်း တစ်သောင်းကျော်၊ သစ်ခွမျိုးပေါင်း ရှစ်ရာကျော်ရှိကြောင်း ဇီဝမျိုးကွဲလေ့လာမှု မှတ်တမ်းများ၌ တွေ့ရသည်။

ထို့အပြင် ကမ္ဘာပေါ်၌ မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များနှင့် ရှားပါးတိရစ္ဆာန်မျိုးစိတ်များလည်း ရှင်သန်လျက်ရှိသည်။ဟူးကောင်းချိုင့်ဝှမ်းဒေသ သစ်တောဧရိယာအတွင်း ကျားမျိုးများရှိသည်။ မြန်မာ့ရွှေသမင်မျိုးများသည် ရှားပါးတိရစ္ဆာန်အမျိုးအစားတွင်ပါဝင်ပြီး ရွှေစက်တော် ဘေးမဲ့တော၊ ချပ်သင်းဘေးမဲ့တောတို့တွင် တွေ့နိုင်သည်။

အင်းတော်ကြီး ဘေးမဲ့တောတစ်ခွင်၌ အဖိုးတန်သစ်ပင်များ၊ ဆေးဖက်ဝင်အပင်များနှင့် သစ်ခွမျိုးစုံပေါက်ရောက်လျက်ရှိသည်။ ကျား၊ ကျားမင်း၊ ကျားသစ်၊ မြင်းဝံ၊ ဝက်ဝံ၊ ပြောင်၊ စိုင်၊ တောဆိတ်၊ တောင်ဆိတ်၊ ဂျီ၊ တောဝက်၊ မျောက် အမျိုးမျိုး၊ သင်းခွေချပ်စသည့် တောရိုင်းတိရစ္ဆာန်မျိုးစုံနှင့် ရေပျော်ငှက်များ၊ သစ်တောငှက်များနှင့် ရှားပါးရေနေမျိုးစိတ်များစွာတို့လည်း ကျက်စားလျက်ရှိနေသည်။

သစ်တောရေးရာဝန်ကြီးဌာနက ကြံ့၊ ဆင်၊ သားမင်း၊ တောင်ဆိတ်နီ၊ ရေဝက်၊ ဝံပုလွေ၊ သင်းခွေချပ်၊ စိုင်၊ ဘဲခေါင်း ပန်းရောင်၊ ဇီးကွက်၊ ဒီးဒုတ်၊ ဂဏ်ါမိကျောင်း၊ လိပ်ခွေး၊ ကြယ်လိပ်၊ ဆတ်၊ မြင်းဝံ စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာဒေသများကို ဘေးမဲ့တောများ သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၊ အင်းတော်ကြီးအိုင် ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဉယျာဉ်စသည်တို့သည် သားငှက်တိရစ္ဆာန်မျိုးစုံနှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သော နယ်မြေဒေသများဖြစ်သည်။

မြန်မာ့ရေမြေတစ်ခွင်တွင် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောသစ်ပင်များ စုံလင်စွာ ဖြစ်တည်လျက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနက ဘေးမဲ့တောများတည်ထောင်၍ စနစ်တကျ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ ဒေသခံပြည်သူများအားလုံးက ဒေသအလိုက် ရှားပါးတိရစ္ဆာန်များ၊ ငှက်အမျိုးမျိုးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုရေရှည်တည်တံ့နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကော့မှူး၊ ထမ္ပနိုင်၊ ဝါးဘလောက်သောက် လမ်းအားမြေဖို့ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကော့မှူးမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက် ၈ နာရီတွင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကော့မှူးမြို့နယ်ဆေးရုံကိုကြည့်ရှုစစ်ဆေးပြီးလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် အမှတ်(၂) ရေနုတ်မြောင်းကို ကြည့်ရှုစစ်ဆေးပြီး ထမ္ပနိုင်ကျေးရွာ၌ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျေးလက်စာဖတ်ဝိုင်းကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကော့မှူး၊ ထမ္ပနိုင်၊ ဝါးဘလောက်သောက်လမ်း မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်တို့က ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွက် ပန္နက်ရိုက်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ အလှူရှင်နှင့် တာဝန်ရှိသူများသည်ကျေးရွာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။ထိုမှတစ်ဆင့် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် သင်တန်းသား လူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြား၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတား ချဉ်းကပ်လမ်း သုံးမိုင် တစ်ဖာလုံအတွင်း ကတ္တရာထပ်ပိုးလွှာလောင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြား ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၇ ရက်က ကျောက်တံတားမြို့နယ် (၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ခရိုင် ပြန်/ဆက် ဒုတိယဦးစီးမှူး ဒေါ်အမာရီ ရှင်းလင်းဆွေးနွေးစဉ်။

(ခရိုင်ပြန်/ဆက်)

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်၊ပထဝီဝင်ဌာန၌ ၁၉၅၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်းပညာသင်ကြားခဲ့ကြသောပထဝီဝင်ကျောင်းသား၊ကျောင်းသူဟောင်းများ၏စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အသက်(၆၀) ပြည့်ပြီး မော်လမြိုင်ကောလိပ်၊တက္ကသိုလ်၊ပထဝီဝင်ဌာနတွင်တာဝန်ထမ်းဆောင်ခဲ့သော(အငြိမ်းစား) ဆရာကြီး၊ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများလည်း မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ပထဝီဝင်ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့်ကိုမင်းလွင်၊ ကိုဌေးလွင် ဖုန်း-၀၉၅၃၂၁၁၃၇၊မကြင်စွမ် ဖုန်း-၀၉၅၃၂၁၈၆၆၊ကိုဇေထွန်းတင် ဖုန်း-၀၉၅၃၂၁၁၁၂၊ မခင်စော ဖုန်း-၀၁၅၄၆၃၆၀၊ ကိုသိန်းရွှေ ဖုန်း-၀၁၅၃၄၅၁၅၊ မမြမြ ဖုန်း-၀၁၆၆၅၉၀၉၊ ကိုမြင့်စိုး-ဖုန်း-၀၅၇၂၁၉၉၇၊ မဌေးဌေး၊ မကြည်ကြည်ဦးတို့သို့ ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပထဝီဆိုင်ရာ သတင်းအချက်အလက်များ အသုံးချပုံစနစ် သင်တန်းပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပထဝီဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူတည်းဖြတ်၊ ထုတ်လုပ်အသုံးချပုံစနစ် Geospatial Technology Certificate Course(1/09) သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ e-learning Center၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ မေ ၃၁ ရက်အထိ သင်တန်းသား ၂၀ ဖြင့်သာ လက်ခံ၍ သင်ကြားပို့ချမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄)အခန်း(၄)ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ဉာဏ်ရည်မမီသူများ ဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံမှ ဒုတိယဆုရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၏စီစဉ်ကြီးကြပ်မှုဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ရက်အထိကျင်းပခဲ့သည့် ပထမအကြိမ် ဉာဏ်ရည်မမီသူများ အင်ဒိုချိုင်းနား ဘောလုံးပြိုင်ပွဲ (Special Olympics 1st INDOCHINA Football Tournament) တွင် ဒုတိယဗိုလ်မှူးကြီး ထွန်းမင်း ခေါင်းဆောင်သော မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ ဘောလုံးအသင်းက ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများပါဝင်သော အသင်းရှစ်သင်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)** (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီက ဦးဆောင်၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ကျင်းပသည်။ **(အပေါ်ပုံ)** သွေးလှူဒါန်းပွဲ အခမ်းအနားသို့ မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတိုးတိုးအောင်၊ အတွင်းရေးမှူး ဦးကျော်မြင့်၊ ဘဏ္ဍာရေးမှူး ဦးလွင်မိုး၊ မော်လမြိုင်ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ရှိသူများ သွေးလှူရှင်မော်လမြိုင်ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး သွေးအိတ်ပေါင်း ၂၀ လှူဒါန်းကြသည်။

မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီအနေဖြင့် ဖေဖော်ဝါရီ ၁၇ရက်အထိ မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်သို့ သွေးအိတ်ပေါင်း ၉၀၀ ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် စာနယ်ဇင်းပညာသင်တန်း (၁/၂၀၀၉)သင်တန်းပို့ချနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်အရောင်းဆိုင်သို့ ရောက်ရှိပြီး အရောင်းဆိုင်သစ် ပြုပြင်မွမ်းမံ၍ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများနှင့်အတူ အဆိုပါအဆောက်အအုံ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)က ကြီးမှူးဖွင့်လှစ်သော စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၉)သို့ ရောက်ရှိပြီး သင်တန်းပို့ချနေမှုကို ကြည့်ရှု၍ သင်တန်းကြီးကြပ်သူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)က ကြီးမှူးဖွင့်လှစ်သော စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၉)တွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ မကြာမီက တောမီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဩစတြေးလျနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

တောမီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၈၈) ကမ်းနားလမ်းရှိ ဩစတြေးလျနိုင်ငံ သံရုံးသို့ သွားရောက်၍ ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ မကြာမီက တောမီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

စက်မှုလက်မှု အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၁)၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယခင် သတ်မှတ်ထားသည့်နေရာ၊ နေ့ရက်အစား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် ကန်တော်ကြီးဝင်း အတွင်းရှိ ရွှင်ရယ်ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

တောင်တွင်းကြီး၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းဘူတာကျေးရွာ မင်းရာဇာစာကြည့်တိုက်နှင့် ကုက္ကိုကုန်းရွာမကျေးရွာ ပညာပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်တို့ကို မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ကုက္ကိုကုန်း ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်မင်းစိုးနှင့် အုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေးကာ အဆိုပါစာကြည့်တိုက်များအတွက် အလှူရှင် ၃၁ ဦးတို့က ငွေကျပ် ၃၁၅၀၀၀ ခန့် တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ ၁၂၅၅ အုပ်အား ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများသို့ ဥစားဘဲ တစ်လသားခြင်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် သစ်တိုကျေးရွာရှိ ဘဲအနွေးပေးမွေးမြူရေးခြံ၌ လေဘေးသင့် ပြည်သူများသို့ ဥစားဘဲ တစ်လသားခြင်းများ ပေးအပ်ပွဲကို ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဒေါက်တာခင်မောင်ဝင်း၊ (FAO) ERCU မှ ဒေါက်တာ ရန်နိုင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက လေဘေးသင့်တောင်သူ မိသားစုတစ်စုလျှင် ဥစားဘဲ တစ်လသား အမ ၁၃ ကောင်၊ အထီးနှစ်ကောင် ပါရှိသော ဘဲခြင်းတောင်းများကို ကျေးရွာအုပ်စု ငါးအုပ်စု ကျေးရွာပေါင်း ၃၇ရွာမှ တောင်သူလယ်သမား ၆၇၀သို့ ဘဲကောင်ရေ ၁၀၀၅၀ ဖြန့်ဝေလှူပြောင်း ပေးအပ်သည်။ **(အောက်ပုံ)**

အလားတူ ဖေဖော်ဝါရီ ၁၃ရက် နံနက် ၈နာရီတွင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာရှိ ဘဲအနွေးပေး မွေးမြူရေးခြံ၌ ကျေးရွာအုပ်စု ၁၇အုပ်စုမှ လေဘေးသင့်တောင်သူ ၂၇၀အား ဥစားဘဲ တစ်လသား ကောင်ရေ ၄၀၅၀ကို ယင်းမြို့နယ်အတွက် ဒုတိယအကြိမ်အဖြစ် ဖြန့်ဝေပေးအပ်ခဲ့ကြောင်း၊ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၂ရက်က ပထမအကြိမ်အဖြစ် ကျေးရွာအိမ်ထောင်စု ၄၀၀ အတွက် ဥစားဘဲကောင်ရေ ၆၀၀၀ ကို ပေးအပ်ပြီးဖြစ်၍ ဖျာပုံမြို့နယ် လေဘေးသင့် တောင်သူမိသားစု ၆၇၀ သို့ စုစုပေါင်း ဘဲကောင်ရေ ၁၀၀၅၀ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တင်းနစ်ပြိုင်ပွဲများ ကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၂၀၀၉ ခုနှစ် မတ် ၂ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် Junior Davis Cup Pre- Qualifying / World Junior Boys and Girls Pre- Qualifying Event တင်းနစ်ပြိုင်ပွဲများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	**"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၈း၃၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၅	၅။	Yan Can cook
၁၂း၃၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတော်သူ" (အပိုင်း-၂၄)**
၁း ၂၀	၇။	ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၂း၀၀	၈။	တေးဂီတအစီအစဉ်
၂း၁၅	၉။	ပန်းပေါင်းစုံရာမြေ
၂း၃၀	၁၀။	အတီးပြိုင်ပွဲ
၂း၄၅	၁၁။	International News
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၅	၃။	ယုဇနစားသုံးဆီသန့်စက်ရုံ
၄း၄၀	၄။	မြိုးမြိုးကြွကြွ ယဉ်ကျေးမှုအက
၄း၅၅	၅။	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၂၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၅း၃၀	၇။	မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
၅း၄၅	၈။	တေးဂီတအစီအစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၅	၁၂။	ပဥ္စလက်ကျောင်းတော်
၇း၁၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှင့်ယှဉ်သောမေတ္တာ" (အပိုင်း-၂၀)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာမုန်တိုင်း" (အပိုင်း-၁၂)**
	၁၈။	အစီအစဉ်ပြီး၏။

အာဖဂန်နစ္စတန်နိုင်ငံ ခိုနီခိုဝါ အရပ်တွင် ဗုံးခွဲတိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုဘားမားက အာဖဂန်သို့ တပ်ဖွဲ့ဝင် ၁၇၀၀၀ စေလွှတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အမေရိကန်သမ္မတ အိုဘားမားသည် အစွန်းရောက်အကြမ်းဖက်မှုအခြေအနေ ဆိုးရွားလျက်ရှိသည်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ၎င်း၏ပထမဆုံး အရေးပါသည့် စစ်ဘက်ဆိုင်ရာ ဆုံးဖြတ်ချက်အနေဖြင့် အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀၀ ထပ်မံစေလွှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့သည်ဟု အိမ်ဖြူတော်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ယင်းသည် အာဖဂန်၏ ယိုယွင်းလျက်ရှိသော အခြေအနေကို တည်ငြိမ်မှုရရှိစေရန်အတွက် အရေးပါသည့် ကိစ္စရပ်ဖြစ်သည်ဟု အိုဘားမားက အဆိုပါအမိန့်စာတွင် ထည့်သွင်းရေးသားထားသည်။

အာဖဂန်တွင် ပြီးခဲ့သည့် နှစ်နှစ်အတွင်း၌ အကြမ်းဖက်မှုများ သိသာစွာမြင့်တက်လာခြင်းအပေါ် အထူးအလေးထား၍ ကိုင်တွယ်သွားမည်ဟု အိုဘားမားက ကတိပြုထားသည်။

အသင့်ပြင်

အဆိုပါ စေလွှတ်မည့် တပ်ဖွဲ့ဝင် ၁၇၀၀၀ ပါဝင်သည့် တပ်ရင်းတွင် တင့်ကားများ၊ မရိန်းတပ်ဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးဝန်ထမ်းများ ပါဝင်ပြီး အဆင်သင့် ပြင်ဆင်ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်တွင် လက်ရှိ၌ တပ်ဖွဲ့ဝင် ၃၈၀၀၀ တပ်စွဲထားရာမှ လာမည့်လများတွင် တပ်ဖွဲ့ဝင် ၆၀၀၀ ထပ်မံတိုးမြှင့်တာဝန်ချထားရန် အမေရိကန်စစ်ဘက်က စီစဉ်လျက်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်တွင် ၂၀၀၈ ခုနှစ်၌ အရပ်သားသေဆုံးမှု ၂၀၀၀ ကျော်ရှိ

ကဘူး ဖေဖော်ဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးအဖွဲ့(ယူအင်န်အေအမ်အေ) ၏ ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာအရ ၂၀၀၈ခုနှစ်အတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသော အရပ်သားများ ၂၁၁၈ ဦး ရှိကြောင်း ဖော်ပြထားသည်။

တိုးလာ

၂၀၀၇ ခုနှစ်က အရပ်သားသေဆုံးမှုသည် ၁၅၂၃ ဦးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၄၀ နီးပါးတိုးလာခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်တွင်မှု ၂၁၁၈ ဦးအထိ တိုးလာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

လက်နက်ကိုင်ဆန့်ကျင်မှုပြုသူ ဦးရေသည် ၂၀၀၇ ခုနှစ်က ကိန်းဂဏန်းထက် ပိုမိုများပြားလာပြီး ၆၅ ရာခိုင်နှုန်းထိ ဖြစ်လာခဲ့သည်ဟုအစီရင်ခံစာတွင် ဖြည့်စွက်တင်ပြထားသည်။ သေကျေပျက်စီးရသည့် အရပ်သားအများစုသည် သောင်းကျန်းသူများ၏ အသေခံဗုံးခွဲ တိုက်ခိုက်မှုများနှင့် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရ၍ ဖြစ်သည်။ သေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းသည် အစိုးရဆန့်ကျင်သူများဖြစ်ပြီး ၎င်းတို့သည် လက်လုပ်ဗုံးများကြောင့် သေဆုံးရခြင်းဖြစ်သည်။ အမေရိကန်စစ်ဘက်နှင့် နေတိုးဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ၂၀၀၈ ခုနှစ်၌ အရပ်သား ၈၂၈ ဦး သေဆုံးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နှစ်ဆတိုး

အဆိုပါတိုက်ခိုက်မှုများကြောင့် ၂၀၀၈ ခုနှစ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ အကူအညီပေးရေး ဝန်ထမ်း ၃၈ ဦး သေဆုံးခဲ့ရသဖြင့် ၂၀၀၇ ခုနှစ်ကထက် နှစ်ဆတိုးလာခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ နာဆီးရီးယားအရပ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားထားသော နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မကြာမီလပိုင်းအတွင်း ပိတ်လိုက်ရတော့မည့် ကာဂျစ္စတန်ရှိ အမေရိကန်လေတပ်စခန်းတစ်နေရာကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် လေတပ်စခန်းပိတ်ရန် ကာဂျစ်ပါလီမန် အတည်ပြု

ဘစ်ရှ်ကက်(ကာဂျစ္စတန်) ဖေဖော်ဝါရီ ၂၀

ကာဂျစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခုကို ပိတ်ရန်အတွက် ကာဂျစ်ပါလီမန်က ကြာသပတေးနေ့တွင် မဲပေးဆုံးဖြတ်ခဲ့သည်။ အဆိုပါ စစ်စခန်းပိတ်ခြင်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့များ တိုးမြှင့်စေလွှတ်ရန် သမ္မတဘားရက်အိုဘားမား၏ ကြိုးပမ်းမှုကို ထိခိုက်စေမည်ဖြစ်သည်။

အဓိကကြားစခန်းဖြစ်

အမေရိကန် မီးနတ်စ်လေတပ်အခြေစိုက်စခန်း သဘောတူစာချုပ်ကို ဖျက်သိမ်းရန်အတွက် အစိုးရက ထောက်ခံထားသော မူကြမ်းကို ပါလီမန်အမတ်များက ထောက်ခံမဲ ၇၈ မဲ၊ ကန့်ကွက်မဲ တစ်မဲဖြင့် အတည်ပြုသည်။ ၎င်းစခန်းသည် အာဖဂန်နစ္စတန်သို့ အသွား၊ အပြန် လစဉ် တပ်ဖွဲ့ဝင် ၁၅၀၀၀ နှင့် ကုန်တန်ချိန် ၅၀၀ လွှဲပြောင်းပေးပို့ရာ အဓိကကြားစခန်းဖြစ်သည်။

သမ္မတ ကာမန်ဘက် ဘာတီယက်က အဆိုပါမူကြမ်းကို လက်မှတ်ရေးထိုးခဲ့လျှင် အမေရိကန်ပြည်ထောင်စုသည် ၎င်းစစ်စခန်းမှ ထွက်ခွာရန် ရက်ပေါင်း ၁၈၀ သာရရှိကြောင်း၊ ထိုရက်အတွင်းထွက်ခွာရန် ကာဂျစ်အာဏာပိုင်များက သတိပေးစာ ထုတ်ပြန်ထားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းမှတ်စု

တရုတ်၌ နေရောင်ခြည်စွမ်းအင်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

အိမ်ခြေ ၃၀၀၀၀ ထက်မနည်း လျှပ်စစ်ဓာတ်အားပေးစွမ်းနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ပြည်တွင်း၌ ပုံစံထုတ်ပြီး တည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်နေကြောင်း ကြာသပတေးနေ့ထုတ် တရုတ်နေ့စဉ်သတင်းစာက ဖော်ပြသည်။

အဆိုပါစက်ရုံသည် အာရှ၏ ပထမဆုံး ၁ ဒသမ ၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖြစ်လာစေရန် ရည်ရွယ်သည်။ လာမည့်လအတွင်း ပေကျင်းမြို့ ဆင်ခြေဖုံးဒေသ၌ ယင်းစက်ရုံ တည်ဆောက်မှုလုပ်ငန်း စတင်မည်ဖြစ်ကြောင်း စက်ရုံအကြီးအကဲတစ်ဦးက ပြောကြားသည်။ ယင်းစက်ရုံကို တရုတ်နည်းပညာတက္ကသိုလ်က ဒီဇိုင်းရေးဆွဲ၍ ယွမ် သန်း ၁၀၀ ကုန်ကျမည်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်လည်ပတ်နိုင်မည်ဖြစ်သည်။

ကိုလံဘီယာ၌ လေယာဉ်ပျက်ကျ၊ တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ကိုလံဘီယာလေတပ်စခန်းမှ လေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းစဉ် ဖေဖော်ဝါရီ ၁၈ ရက်က ပျက်ကျခြင်းကြောင့် လေယာဉ်ပေါ်ရှိ တပ်ဖွဲ့ဝင် ငါးဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဖန်တွမ် အေစီ-၄၇ လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီက လေ့ကျင့်ပျံသန်းစဉ် ဘိုဂိုတာမြို့ အနောက်မြောက်ဘက် ပါတိုဆယ်ဂါဒေသရှိ လေတပ်စစ်ဌာနချုပ်အနီး ပျက်ကျကာ မီးလောင်ပေါက်ကွဲခဲ့ပြီး အရာရှိသုံးဦးနှင့် အရာရှိငယ်နှစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တောင်ပစိဖိတ်၌ အင်အားပြင်း ငလျင်လှုပ်

အမေရိကန်နိုင်ငံ ကာမာဒတ်ကျွန်းစုအနီး တောင်ပစိဖိတ်သမုဒ္ဒရာတွင် ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်သွားကြောင်း အမေရိကန်ဘူမိဆိုင်ရာ တိုင်းတာရေးအဖွဲ့က ဖော်ပြသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် ည ၉ နာရီ ၅၃ မိနစ်က ကာမာဒတ်ကျွန်းစု ရာအယ်ကျွန်းအရှေ့မြောက်ဘက် ၁၀၄ ကီလိုမီတာအကွာ၌ တည်ရှိပြီး ပင်လယ်ပြင်အောက် ၃၆ ကီလိုမီတာအနက်၌ ဗဟိုပြု၍ လှုပ်သွားကြောင်း၊ ယင်းငလျင်လှုပ်မှုကြောင့် အထိအခိုက် အသေအပျောက်မရှိကြောင်း ယင်းဌာနအဖွဲ့က ပြောကြားသည်။

စကော့တလန် ကမ်းလွန်ရေပြင်၌ ဗြိတိန်ရဟတ်ယာဉ် အရေးပေါ်ဆင်းသက်

စကော့တလန် ကမ်းရိုးတန်းအရှေ့ဘက် မြောက်ပင်လယ်အတွင်း ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးစင်အနီး၌ ဖေဖော်ဝါရီ ၁၈ ရက်က ရဟတ်ယာဉ်တစ်စင်း ရေပြင်ပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ အလွန်အေးသောရေပြင်မှ ၁၈ ဦးကို ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်ခဲ့သည်။

ဘီပီရေနံကုမ္ပဏီက ပိုင်ဆိုင်သော ရေနံတူးစင်မှ မီတာ ၅၀၀ ခန့်အကွာ၌ အရေးပေါ်ဆင်းသက်ခဲ့ရသော ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူများအနက် ၁၅ ဦးကို ရေနံကုမ္ပဏီပိုင် အသက်ကယ်လှေဖြင့် ကယ်တင်ခဲ့ပြီး ကျန်သုံးဦးကို လေယာဉ်ဖြင့် ဘေးကင်းစွာ ကယ်တင်ခဲ့သည်။

ဘရာဇီး၌ ကိုကင်း ၄၂၃ ကီလိုဂရမ် ဖမ်းမိ

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပေါ်လိုပြည်နယ်တွင် ကိုကင်း ၄၂၃ ကီလိုဂရမ် သိမ်းဆည်းရမိကြောင်း ဗုဒ္ဓဟူးနေ့တွင် ဘရာဇီးရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ စစ်ဆင်ရေးတွင် လူနှစ်ဦးနှင့်အတူ ရိုင်ဖယ်နှစ်လက်နှင့် စက်သေနတ်လေးလက်ကိုလည်း သိမ်းဆည်းရမိသည်။ ကိုကင်းများကို ပြောင်းဖူးတင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီးအတွင်း ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

စုစည်းရေးသားသူ-စိုးစိုးနိုင်

ဗြိတိန်နိုင်ငံ မြောက်ပင်လယ်ဒေသအနီး ပျက်ကျသွားသော ရဟတ်ယာဉ်မှ ဒုက္ခသည်များအား ကယ်တင်ရန် ကြိုးပမ်းနေသော ရဟတ်ယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ စက်ပိုင်းနှင့်လျှပ်စစ်ပိုင်းဆိုင်ရာ ရောင်းဝယ်မှုကျဆင်း

တရုတ်နိုင်ငံတွင် စက်ပိုင်းနှင့်လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ရောင်းဝယ်မှုမှာ ဇန်နဝါရီလ၌ အမေရိကန် ဒေါ်လာ ၇၅ ဒသမ ၃၄ ဘီလီယံ (၂၈ဒသမ ၄ ရာခိုင်နှုန်း)ကျဆင်းခဲ့ပြီး ပြည်ပပို့ကုန်များမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၁၄ ဘီလီယံ (၂၀ ဒသမ ၉ရာခိုင်နှုန်း)ထိ ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။ သွင်းကုန်ပစ္စည်းများအနေဖြင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂ ဘီလီယံ (၃၉ ဒသမ ၃ ရာခိုင်နှုန်း)ထိ ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်ထက်ဝက်ခန့်သည် အဆင့်မြင့်နည်းပညာ ထုတ်ကုန်ပစ္စည်းများ၊ စက်ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများဖြစ်ကြောင်း ယင်းဌာနက ထည့်သွင်းဖော်ပြသည်။

ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော် ရင်ပြင်တော်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းဗဟိုဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ကြည်ညိုကြပြီး အလှူငွေများလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ်ဘက်စုံ ပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ငွေကျပ် ၅၄၀၀၀၀၊ ဦးအေး(မောင်အေးကဖီးမိသားစု)က ငွေကျပ် ငါး သိန်း၊ ဦးရဲမြင့်-ဒေါ်ခင်မာမင်း၊ သား မြင့်မောင်တင့်၊ ဒေါက်တာ မြင့်မောင်ဆင့်၊ သမီး မြင့်သူဇာမင်း မိသားစုက ငွေကျပ် ၃၉၂၀၀၀၊ ဦးအောင်နိုင် - ဒေါ်နုနုခင် သားသမီး၊ မြေးတစ်စုက ငွေကျပ် ၃၇၈၀၀၀၊ ဗိုလ်မှူးကြီး ညွန့်ဆွေ(ငြိမ်း)-ဒေါ်သက်သက်ဆွေ သားသမီးမြေးတစ်စုက ငွေကျပ် ၃၀၈၀၀၀၊ ဦးဇော်မင်းနှင့် ဦးစန်းယုမောင်၊ ဒေါ်သန်းအေးမိသားစု၊ ဦးရဲမြင့်နှင့် ဦးအောင်ကောင်းမြတ်မိသားစု (ရဲနဒီမော်တော်)တို့က ငွေကျပ် သုံးသိန်းစီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဖြိုး - ဇနီးဒေါ်နီနီဝင်း မိသားစုက ငွေကျပ် ၂၇၀၀၀၀၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဝင်း-ဒေါ်အေးအေးသိန်း မိသားစုက ငွေကျပ် ၂၇၀၀၀၀၊ ဦးစိုးရီ - ဒေါ်ခင်ခင်လတ်မိသားစု၊ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး(၁) စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုတ်သိမ်းလိုက်သည်။

သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်ကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ သာသနိကအဆောက်အအုံများကို ရှေးမူမပျက် မွမ်းမံပြင်ဆင်ခြင်းများ အပါအဝင် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများကို စေတီတော်ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ဦးကြောင်စုံ(ခ)ဦးတင့်လွင်-ဒေါ်အီး(ခ)ဒေါ်ကျင်စွမ်း (လွင်နှင့်စွမ်းမိသားစု)က ငွေကျပ် ၁၀၈ သိန်းကို ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော် ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်မှ ငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များ ဖြစ်ကြသော ဦးကြောင်စုံ (ခ) ဦးတင့်လွင်-ဒေါ်အီး(ခ)ဒေါ်ကျင်စွမ်း (လွင်နှင့်စွမ်းမိသားစုကုမ္ပဏီ) ကငွေကျပ် ၁၀၈ သိန်း၊ သုဓမ္မမဏိဇောတရေ ဦးစိုးနိုင်(လူမှုထူးချွန် တတိယဆင့်) (အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ)က ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာခင်အေးလွင်က ဘိုးဘွားများနှင့် မိဘနှစ်ပါးအား ရည်စူး၍ ငွေကျပ် ၁၃၅၀၀၀၀၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သားရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူ မိသားစုက ငွေကျပ် ၁၁၄၈၀၀၀၊ ဦးမောင်မောင်-ဒေါ်နွဲ့နွဲ့ဝေ မိသားစုက ငွေကျပ် ၈၄၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း မိသားစုက ငွေကျပ် ၆၉၀၀၀၀၊ ဦးသူတော်-ဒေါ်လှလှသိန်း မိသားစုက ဦးအောင်စိုးမင်း (ညွှန်ကြားရေးမှူး)-ဒေါ်နန်းသီတာမိသားစု၊ ဗိုလ်ကြီး သန်းဇော်ဝင်းနှင့် မောင်ဟိန်းဇော်ဝင်း၊ ဦးခင်ဇော်-ဒေါ်စန္ဒာဝင်း၊သားစစ်သွေးဇော် မိသားစု၊ ဦးသိန်းနိုင် (ဒုတိယညွှန်ကြားရေးမှူး) - ဒေါ်မာမာငွေး၊ သမီး မဇင်သက်နိုင်မိသားစု၊ ဦးဆန်နီ-ဒေါ်ဥမ္မာမိသားစု၊ ဦးမြတ်သာ-ဒေါ်ရီရီတို့အား အမှူးထား၍ သမီး မခိုင်ကြည်ဝင်း၊ ဒေါ်ဒေစီသွင်၊ သားဦးခိုင်စိုးနှင့် မြေးမဝင့်ဖြူနွေး၊ ဦးအောင်စိုး - ဒေါ်လှလှဝင်း မိသားစုတို့က ငွေကျပ် ၂၇၀၀၀၀ စီ၊ ဦးဝင်းလှိုင်-ဒေါ်ခင်စန်းမြင့်မိသားစုက ငွေကျပ် ၁၉၆၀၀၀၊ ဦးဟန်စိန်အား ရည်စူး၍ ဒေါ်စန်းမိသားစုက ငွေကျပ် ၁၆၀၀၀၀၊ ပံသုကျောက်ပြားကုမ္ပဏီက ငွေကျပ် ငါးသိန်းနှင့် ငွေကျပ်တစ်သိန်း အလှူရှင် ၁၉ ဦးတို့အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၂၅၀၇၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပဥ္စမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်

မန္တလေးတိုင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၉ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အရေးကြီးဆုံးစိတ်တစ်စိတ်" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၁၅ - ၂း၁၅	သင့်မိသားစုကျန်းမာရေးဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၈း၃၅ - ၂း၃၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၅၅ - ၂း၅၅	စွမ်းအင်နှင့်သူတို့
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာဒဂုန်နှင့်တွေ့ဆုံခြင်း)
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	ကျန်းမာသန်ထွားညဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
၁၀း၃၀ - ၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ - ၄း၄၀	လှပချစ်စရာလက်မှုအနုပညာ (ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	Yangon Panorama (ICT Exhibition 2009)
၁၁း၄၅ - ၅း၄၅	မင်္ဂလာရှိသောနေ့
၁၂း၀၅ - ၆း၀၅	မြို့ပြခရီး (Spain မှ ဗလင်စီယာမြို့အကြောင်း)
၁၂း၂၅ - ၆း၂၅	ကျိုက်လတ်ဂုဏ်ဆောင်ပညာအောင်ပွဲ
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	သွားမယ်စားမယ် (J's Bistro)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Aston Villa-Chelsea	ESPN (Live)
၉း၂၅	Arsenal-Sunderland	ESPN (Live)
	Bolton-West Ham	STAR SPORTS (Live)
၁၁း၅၅	Man Utd-Blackburn	STAR SPORTS(Live)
	Middlesborough-Wigan	ESPN (SDD)

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်

အချိန်ရယ်၊ အခြေအနေရယ်၊ အပြောင်းအလဲရယ်

ဦးဆွေ(ဗဟန်း)

အချိန်နှင့်ပတ်သက်လျှင် သင်ခန်းစာယူစရာ အတော်များများကို တွေ့ရသည်။ ဖြတ်သန်းခဲ့ရသည့်ကာလများ၌ အချိန်ကိုစောင့်ရသည်လည်း ရှိသည်။ အမီလိုက်ရသည်လည်းရှိသည်။ ပြတ်သားတာတစ်ခုကတော့ အချိန်ဘက်က ဘယ်တော့မှမစောင့်ခဲ့သလို ဖြတ်သန်းပြီး အချိန်တွေကိုလည်း ဘယ်သောအခါတွင်မှ ပြန်မပေးတော့ခြင်းပင်ဖြစ်သည်။ အချိန်တွေကို ဖြတ်သန်းရသည်နှင့်အမျှ ပြောင်းလဲမှုဆိုတာတွေကလည်း မဖြစ်မနေဖြစ်ပေါ်ရသည်။ ဦးစွာမိမိကိုယ်ကိုပဲ ဆန်းစစ်ကြည့်ပါဦး။ အရှိမမြဲသော သတ္တလောကအတွင်း သက်ရှိသတ္တဝါတိုင်း သေခြင်းတရားဆိုသည်ကို မလွဲမသွေ တစ်နေ့ရင်ဆိုင်ကြုံတွေ့ကြရမည်သာဖြစ်သည်။ သေခြင်းဆိုသည်အား လောကဓာတ်ပညာက ခန္ဓာကိုယ်ရှိဆဲလ်များ အသစ်တစ်ဖန် ပြန်လည်ဖြစ်ပေါ်မလာနိုင်တော့ခြင်း (no more cells recycling)ဟု အဓိပ္ပာယ်ဖွင့်သည်။ သို့ဆိုလျှင် မသေမီကာလအတွင်း ခန္ဓာကိုယ်တစ်ခု၌ ဆဲလ်များ အသစ်တစ်ဖန်ပြန်ပြန်ဖြစ်ပေါ်နေရသည့် သဘောရှိသည်။ အချိန်နှင့်အမျှ ဖြစ်ပေါ်လာသော ဆဲလ်အသစ်များကြောင့် ခန္ဓာကိုယ်မှာလည်း အမြဲပြောင်းလဲနေပါလိမ့်မည်။

ယင်းသို့သော ပြောင်းလဲမှုများကို အချိန်တိုအတွင်း သုံးသပ်တွေ့မြင်ခြင်းမရှိနိုင်သော်လည်း တစ်စက္ကန့်၊ တစ်နာရီ၊ တစ်ရက်၊ တစ်လမှသည် နှစ်များစွာဖြတ်သန်းပြီးသောအခါ သိသာထင်ရှားသော ပြောင်းလဲမှုတွေကို တွေ့ရှိရပါလိမ့်မည်။ မိမိကိုယ်ခန္ဓာ၏ ရုပ်ပိုင်းရော၊ စိတ်ပိုင်း ပါနှစ်ခုစလုံး အချိန်နှင့်အမျှ ပြောင်းကိုပြောင်းလဲနေမည်သာဖြစ်သည်။ အမှန်အတိုင်းဆိုရလျှင် စိတ်ရောကိုယ်ပါ ပြောင်းလဲမှုအားလုံးကို ချက်ချင်းလက်ငင်း ပြီးပြည့်စုံသော အကောင်းတွေချည်းသာဖြစ်စေချင်သည်။ သို့သော် ဖြစ်ချင်တိုင်းမဖြစ်တတ်သော လောကနိယာမတရားကိုလည်း နှလုံးသွင်းရပါဦးမည်။ တစ်နည်းအားဖြင့် ပြီးပြည့်စုံသည့် ကောင်းသော ပြောင်းလဲခြင်းမျိုးကို ရာနှုန်းပြည့်ဖြစ်လာရန် မိမိကိုယ်၌ပင် အစိုးမရဆိုသော သဘောပင်ဖြစ်သည်။

အချိန်တွေကို ဖြတ်သန်းရင်း လူတစ်ဦးတစ်ယောက်မှ မိသားစု၊ မိသားစုတွေပေါင်းတော့ဆွေမျိုးစု၊ ဆွေမျိုးစုတွေပေါင်းပြီး လူမျိုးစုဆိုတာတွေ ဖြစ်လာသည်။ ထိုထိုသော လူမျိုးစုများ၊ သူတို့စုပေါင်းနေထိုင်ရာနယ်နိမိတ်၊ အုပ်ချုပ်သူအစိုးရ၊ အချုပ်အခြာအာဏာတွေကိုစုပေါင်းပြီး နိုင်ငံဆိုတာ ဖြစ်လာသည်။ အမှန်တွင်တော့ နိုင်ငံဆိုသည်မှာ လူတွေအပေါ်သာ အခြေခံ၍ အမည်တွေ၊ နေရာတွေ၊ ဒေသတွေ ပညတ်လာရခြင်းဖြစ်သဖြင့် နိုင်ငံသားလူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတွေကို စုစည်းထားခြင်းသာဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ဒီတော့ ပြောင်းလဲဖြစ်ပေါ်နေသော လူတွေ၏စိတ်ပိုင်း၊ ရုပ်ပိုင်းတွေအတွက် လူတွေနှင့်ဆက်စပ်နေသော ကျန်ရှိသည့်အရာအားလုံးသည်လည်း ပြောင်းလဲနေရမည်မှာ အထူးလက်သင့်ခံကြရမည့်အကြောင်းအချက်တစ်ရပ်ပင်ဖြစ်သည်။ ပြောင်းလဲမှုတိုင်းကောင်းဖို့၊ တိုးတက်ဖို့ လူတွေကရှာဖွေကြသည်။ ကြံဆကြသည်။ ထိုအခါအရာရာတိုင်း အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်ရပြန်သည်။သို့သော်လည်း လူတစ်ဦးတစ်ယောက်အတွက်ပြီးပြည့်စုံသည့် ကောင်းသောပြောင်းလဲခြင်းကိုပင် ဖြစ်ပေါ်ရန် အစိုးမရနိုင်ရကား လူများစွာအတွက်ပြီးပြည့်စုံသည့် ကောင်းသောပြောင်းလဲခြင်းမျိုးကို ချက်ချင်းရရှိဖို့ရာဆိုသည်မှာ လွန်စွာခက်ခဲလှမည်ကို သတိချပ်မိကြသင့်ပါသည်။

ဥပမာအားဖြင့် ကမ္ဘာ့နံပါတ်တစ်ဖြစ်သော အမေရိကန်နိုင်ငံ၏ လွန်ခဲ့သောနှစ် ၂၀မှ မျက်မှောက်အချိန်အထိ အခြေအနေများကိုပဲ လေ့လာကြည့်ပါစို့။ ထိုကာလအတောအတွင်း ကမ္ဘာက စံပြုထားသည်ဆိုသည့် ဒီမိုကရေစီစနစ်နှင့် ဖွဲ့စည်းပုံဥပဒေအရ သမ္မတနှင့်အစိုးရ လေးကြိမ် ပြောင်းလဲအုပ်ချုပ်ခဲ့သည်။ ယနေ့ အမေရိကန်ပြည်ထောင်စုမှာ ငွေကြေး အကျပ်အတည်းနှင့် စီးပွားပျက်ကပ်ကျရောက်နေသည်။ မပြီးဆုံးသေးသော စစ်မျက်နှာနှစ်ခုက စစ်ပွဲတွေကို ရင်ဆိုင်နေရသည်။ ကမ္ဘာ့နိုင်ငံအများစု၏ အလိုမကျလာမှုများကိုလည်း တိုး၍တိုး၍ ခံနေရသည်။ အမေရိကန်ပြည်သူလူထုအနေဖြင့် လွန်ခဲ့သော နှစ်များစွာကတည်းက အကောင်းဆုံးသော ပြောင်းလဲမှုတွေကို မျှော်လင့်ပြီး ပြောင်းလဲရွေးချယ် ဆန္ဒပြုခဲ့ကြသော်လည်း အမှန်တကယ်တွင် ပြီးပြည့်စုံသည့် အကောင်းဆုံးသောပြောင်းလဲမှုမျိုး ဖြစ်မလာသေးသည်ကိုတော့ မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်သည်။ အိမ်နီးချင်းထိုင်းနိုင်ငံဆိုလျှင် ပြီးခဲ့သည့် နှစ်၂၀အတွင်း၌ အပြောင်းအလဲတွေများလှသည်။ စစ်တပ်က သုံးကြိမ်ခန့် အာဏာသိမ်းခဲ့ရပြီး ဝန်ကြီးချုပ်နှင့် အစိုးရတွေ များစွာပြောင်းလဲခဲ့သည်။ ပြီးခဲ့သည့် နှစ်အတွင်းက ထိုင်းနိုင်ငံဝန်ကြီးချုပ်တွေ ဟောတစ်ယောက်၊ ဟောတစ်ယောက် ပြောင်းလိုက်သည့် အပြောင်းလဲတွေမှာ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ခဲ့ရသည်။ အစိုးရတစ်ရပ် ရွေးချယ်ရန် လူတန်းစားနှစ်ခုကွဲသည်အထိ ဖြစ်ပျက်ခဲ့ရသောဖြစ်စဉ်မှာ ထိုင်းနိုင်ငံအတွက် အလွန်ပင်အန္တရာယ်ကြီးလှသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ထိုင်းပြည်သူလူထုအနေဖြင့် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုးကိုသာ အလိုရှိဆန္ဒပြုခဲ့ကြသည်မှန်သော်လည်း အမှန်တကယ်ဖြစ်ပေါ်ပြောင်းလဲလာသော လက်တွေ့အခြေအနေများကမူ သံဝေဂရစရာကောင်းလှသည်။

ယနေ့ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက ပြောင်းလဲမှုကို အထူး လိုလားနေကြသည်။ မှန်၊ မမှန် ဆန်းစစ်လိုလျှင် ၂၀၀၈ခုနှစ် မေနှင့် ဇွန်လအတွင်း ပြုလုပ်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းအထိ ထောက်ခံမဲပေးကြခြင်းက သက်သေပြနေပါသည်။အစိုးရအနေဖြင့်ကလည်း ပြောင်းလဲပေးဖို့အတွက် အစီအမံတွေကိုအချိန်ကာလကစ၍ အတိအကျသေချာစွာ သတ်မှတ်ကြေညာထားပြီးဖြစ်သည်။၂၀၁၀ ပြည့်နှစ်သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ကိုယ်တိုင်ဆန္ဒပြုရွေးကောက်တင်မြှောက်သည့် အစိုးရသစ်တစ်ရပ်နှင့် အုပ်ချုပ်ရေးစနစ်သို့ အမှန်တကယ် ပြောင်းလဲသွားတော့မည်ဖြစ်သည်။ ဒီအတွက် တပ်မတော်အစိုးရ ကိုယ်တိုင်က အပြောင်းအလဲ လုပ်မည်ဖြစ်ကြောင်း ခံဝန်ထားသည့်အပြင် ယင်းအပြောင်းအလဲအတွက် ကိုယ်တိုင်ကိုယ်ကျ စီမံကွပ်ကဲ လမ်းခင်း ပေးထားခြင်းလည်း ဖြစ်သည်။ သို့ဖြစ်၍ သူ့အစီအမံ၊ သူ့ကွပ်ကဲမှုတွေ ကတော့ ထိုက်သင့်သလောက် ပါရှိလိမ့်မည်သာဖြစ်သည်။ သို့သော်လည်း အချို့က ယခုကဲ့သို့ ပြောင်းလဲရန် စီမံပေးခြင်းသည် ဆောင်ရွက်ကြရေးအတွက် လမ်းခင်းတည်ဆောက်ရန် အငြင်းပွားနေကြခြင်းသာဖြစ်၏။ တစ်ခုတည်းသော တူညီသည့် ရည်ရွယ်ချက်အပေါ် အခြေခံ၍ ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြရုံသာဖြစ်၏။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများပင်လျှင် အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းကိုသာ ကျောရိုးအဖြစ်အခြေခံကာ တဖြည်းဖြည်းချင်း ပြောင်းလဲဆောင်ရွက်မှုမျိုးကို လုပ်ဆောင်ကြရခြင်းဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ် ဂျာမနီစစ်ရှုံးပြီးစဉ်က မဟာမိတ်တို့အနေဖြင့် ဂျာမနီနိုင်ငံ ပြန်လည်ထူထောင်ရေးအစိုးရတစ်ရပ်ဖွဲ့စည်းရာတွင် ယခင် စစ်ရှုံးအစိုးရဟောင်းနှင့် နာဇီပါတီမှ ပုဂ္ဂိုလ်များအား ထည့်သွင်းဖွဲ့စည်းရန် သင့်၊မသင့် အချေအတင်ဆွေးနွေးကြပြီး နောက်ဆုံးထည့်သွင်းဖွဲ့စည်းပေးခဲ့ရသည်သာဖြစ်၏။ အီရတ်တွင် အမေရိကန်တို့ စစ်နိုင်သည့်အခါ ဘာ့သ်ပါတီနှင့် အီရတ်တပ်မတော်အား ဖျက်သိမ်းရန် သင့်မသင့် အချေအတင်ဆွေးနွေးကြပြီး ဖျက်သိမ်းလိုက်သောအခါ နိုင်ငံပြုပြင်ပြောင်းလဲ

> **လူတစ်ဦးတစ်ယောက်မှ မိသားစု၊ မိသားစုတွေပေါင်းတော့ ဆွေမျိုးစု၊ ဆွေမျိုးစုတွေပေါင်းပြီး လူမျိုးစုဆိုတာတွေဖြစ်လာ…။ ထိုထိုသော လူမျိုးစုများ၊ သူတို့စုပေါင်းနေထိုင်ရာနယ်နိမိတ်၊ အုပ်ချုပ်သူအစိုးရ၊ အချုပ်အခြာအာဏာတွေကိုစုပေါင်းပြီး နိုင်ငံဆိုတာဖြစ်လာ…။ နိုင်ငံဆိုသည်မှာ လူတွေအပေါ်သာ အခြေခံ၍ အမည်တွေ၊ နေရာတွေ၊ ဒေသတွေ ပညတ်လာရခြင်းဖြစ်သဖြင့် နိုင်ငံသားလူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတွေကို စုစည်းထားခြင်းသာဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်…။ ပြောင်းလဲဖြစ်ပေါ်နေသော လူတွေ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတွေအတွက် လူတွေနှင့် ဆက်စပ်နေသော ကျန်ရှိသည့် အရာအားလုံးသည်လည်း ပြောင်းလဲနေရမည်မှာ အထူးလက်သင့်ခံကြရမည့် အကြောင်းအချက်တစ်ရပ်ပင်ဖြစ်…။ ပြောင်းလဲမှုတိုင်း ကောင်းဖို့ တိုးတက်ဖို့ လူတွေကရှာဖွေကြ၊ ကြံဆကြ…။ ထိုအခါ အရာရာတိုင်း အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်ရပြန်…။ လူတစ်ဦးတစ်ယောက်အတွက် ပြီးပြည့်စုံသည့် ကောင်းသောပြောင်းလဲခြင်းကိုပင် ဖြစ်ပေါ်ရန် အစိုးမရနိုင်ရကား လူများစွာအတွက် ပြီးပြည့်စုံသည့် ကောင်းသောပြောင်းလဲခြင်းမျိုးကို ချက်ချင်းရရှိဖို့ရာဆိုသည်မှာ လွန်စွာခက်ခဲလှမည်ကို သတိချပ်မိသင့်…။**

ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမဟုတ်သဖြင့် လက်မခံဘဲ ငြင်းဆန်ကြရန်သာ တွင်တွင်အော်ဟစ်နေကြသည်။ စင်စစ်တွင်မူ ဒီမိုကရေစီစနစ်နှင့် အသားကျပြီးသော နိုင်ငံကြီးများ၌ပင် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲမှုဆိုသည်မှာ တစ်ကြိမ်တည်း၊ တစ်ခါတည်းနှင့် မည်သည့်အခါကမှ မရရှိနိုင်ခဲ့ကြောင်းကို တွေ့မြင်ခဲ့ကြရပြီးဖြစ်ပါသည်။

ယခုအခြေအနေအတွက် အရာရာကို အနုတ်သဘောဆောင်သော လူတစ်စု၏ အဖျက်စိတ်ကို စိတ်ပျက်မိသည်။ ကြိုတင်သတ်မှတ်ချက်များ မပါရှိသည့် တွေ့ဆုံဆွေးနွေး စေ့စပ်ရေးဆိုသည့် ဆန္ဒသဘောထားများသည် ပကတိအခြေအနေနှင့် လုံးဝလက်တွေ့မကျကြောင်းကိုလည်း သဘောပေါက်မိသည်။ ဒုတိယကမ္ဘာစစ်ပြီးခါနီး စစ်ရှုံးတော့မည့် ဂျပန်နိုင်ငံ၏ အခြေအနေမျိုးကိုလည်း သတိရမိသည်။ ဟီရိုရှီးမားနှင့် နာဂါစကီး၌ အပြစ်မဲ့ဂျပန်ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က ပကတိအခြေအနေသည် အရှုံးကို မည်သည့်အခါမှ လက်မခံလိုသော အသေခံစိတ်ဓာတ်နှင့် ဂျပန်ဘုရင် ဟီရိုဟီတိုကို အကောင်းဆုံးသော သမိုင်းအဖြေဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာတွင် ဂျပန်ဟူသော နိုင်ငံနှင့်လူမျိုး၏ သမိုင်းကြောင်းကောင်းနိုင်စေရေးအတွက် မဟာမိတ်အုပ်စုကို အလျှော့ပေး၍ ရန်သူနှင့်အတူ အိပ်စက်ရမည့် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့ခြင်းက ယင်းမှ နှစ်ပေါင်း(၆၀)ကျော်အကြာတွင် စစ်ရေး၊ စီးပွားရေးတောင့်တင်းသော နိုင်ငံနှင့်လူမျိုးအဖြစ်ပြန်လည်ရပ်တည်စေနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် စစ်ရှုံး၍ မဟာမိတ်အုပ်စုထံ အလျှော့ပေးစဉ်က လိုက်နာချုပ်ဆိုခဲ့ရသော ဒီမိုကရေစီသဘောသက်ဝင်သည့် အခြေခံဥပဒေစာချုပ်ပါ အကြောင်းအရာအချက်အလက်များသည်လည်း တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ အဓိကအားဖြင့် စီးပွားရေး၌ ကမ္ဘာ့စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံမျိုး ဖြစ်လာခဲ့သည်သာမက မိမိကိုယ်ကို ကာကွယ်ရန်အတွက်သာ ဖွဲ့စည်းခွင့်ပေးခဲ့သည့် ဂျပန်တပ်မတော်သည် မျက်မှောက်အချိန်၌ အီရတ်စစ်မြေပြင်မျိုးအထိပင် ခြေလှမ်းချဲ့သွားရောက်ခဲ့နိုင်ပြီဖြစ်သည်။ ယနေ့အချိန်တွင် ဟီရိုဟီတို၏ အလျှော့ပေးခဲ့မှုကို မည်သည့်ဂျပန်နိုင်ငံသား တစ်ဦးတစ်ယောက်ကမျှ အပြစ်မမြင်သည့်အပြင် အမြော်အမြင်ကြီးမှုအတွက် ရိုသေလေးစားချစ်ခင်နေကြမည်သာတည်း။

လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံအခြေအနေမှာ စစ်မက်ဖြစ်ပွားနေသည်လည်းမဟုတ်။ တစ်ဖက်နှင့်တစ်ဖက် ရန်သူတွေလည်းမဟုတ်။ နိုင်ငံတော်ကို အနာဂတ်၌ အကောင်းဆုံးဖွံ့ဖြိုးတိုးတက်လာစေရန် ပြောင်းလဲရေးမှာ ဆယ်စုနှစ်တစ်ဝက်ကျော်ရောက်လာသည်အထိ သွေးချောင်းစီးနေရဆဲသာဖြစ်၏။ ယင်းအခြေအနေတို့သည် နိုင်ငံတစ်နိုင်ငံ၏ အကောင်းဆုံးသော အပြောင်းအလဲကို ဖြစ်ပေါ်လာစေရန်အတွက် မည်သို့အခြေခံဆောင်ရွက်သင့်သည်ကို တွေ့မြင်နိုင်သော ဥပမာ၊ ဥပမေယျ အကျဉ်းလေးများမျှသာ ဖြစ်ပါသည်။

လူတို့သည် ပင်ကိုသဘောသဘာဝအရပင် အပြောင်းအလဲများကို နှစ်သက်ပါသည်။ အပြောင်းအလဲများဖြစ်ပေါ်အောင်လည်း တစ်ကိုယ်ရေအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော် လည်းကောင်း ဆောင်ရွက်တတ်လေ့ရှိကြပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုးကိုသာ မျှော်လင့်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း ပကတိအခြေအနေ အရှိတရားနှင့် အချိန်အပေါ် အဓိကအခြေခံဆောင်ရွက်ရန် အထူးလိုအပ်ပါလိမ့်မည်။ စင်စစ်တွင်မူ ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုးဖြစ်နိုင်ဖို့အတွက် မိမိကိုယ်၌ပင် ချက်ချင်းဖြစ်လာရန် ခဲယဉ်းလှသည်။ ဦးစွာအားဖြင့် မိမိကိုယ်ကို မှန်ရှေ့တွင်ရပ်၍ သုံးသပ်ကြည့်ပါ။ ပြီးခဲ့သည့် နှစ်များအတွင်း မိမိပြောင်းလဲဖြစ်ပေါ်လိုသော အပြောင်းအလဲအားလုံး မိမိရုပ်ခန္ဓာတွင်လည်းကောင်း၊ စိတ်အဇ္ဈတ္တတွင်လည်းကောင်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသလား မြင်တွေးကြည့်ပါ။ ပကတိအရှိတရားနှင့် ပြောင်းလဲဖြစ်ပေါ်လိုသော အပြောင်းအလဲများ အကောင်းဆုံးမည်မျှ အပြည့်အဝရရှိခဲ့သည်ကို ချင့်ချိန်ကြည့်ပါ။ မည်သို့သောအခါတွင်မှ မိမိကိုယ်ကို ပြီးပြည့်စုံသည့် အကောင်းဆုံးသော အပြောင်းအလဲကို ရရှိထားသည်ဟု တွေးထင်နိုင်လိမ့်မည် မဟုတ်ကြပါ။ တစ်ကိုယ်ရေ၌ပင် ခက်ခဲသော ပြီးပြည့်စုံသည့် အပြောင်းအလဲကို လူသန်းပေါင်းများစွာ တည်ရှိသော နိုင်ငံတစ်ခုတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း မည်သို့သောအခါတွင်မျှ မရရှိနိုင်သေးကြောင်း ယုံကြည်လက်ခံကြစေချင်သည်။ ပကတိအခြေအနေနှင့် အရှိတရားပေါ်မူတည်၍ အချိန်အခါအလိုက် ပြောင်းလဲနိုင်သော အပြောင်းအလဲမှ တစ်ဆင့် ပြီးပြည့်စုံသည့် အကောင်းဆုံးသော အပြောင်းအလဲမျိုး တဖြည်းဖြည်းချင်း ရရှိလာအောင် ဆောင်ရွက်သွားကြဖို့သာ ရှိမည်ဖြစ်သည်။ အထူးသတိချပ်မိကြရန်မှာ ယခုကဲ့သို့ အချိန်၊ အခြေအနေနှင့် အပြောင်းအလဲအား လက်လွှတ်မိခဲ့ပါက အလားတူဖြစ်စဉ်မျိုးကို နောင်ဘယ်သော အခါတွင်မှ ပြန်လည်မရရှိနိုင်တော့ခြင်းပင် ဖြစ်ပေတော့သည်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပူတာအိုလေဆိပ်လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာခင်းရန် စီစဉ်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ရောက်ရှိပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပူတာအိုလေဆိပ်ခန်းမ၌ တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူး၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးတို့က ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ကျောက်ကတ္တရာဖြင့် ညှိလွှာခင်းခြင်း၊ လေယာဉ်ပြေးလမ်း လမ်းပခုံး ပြုပြင်ခြင်းနှင့် သုံးလက်မထု နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က တည်ဆောက်ပြုပြင်မှုလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး ဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာခင်းရန် ကျောက်နှင့်ကတ္တရာများ စုဆောင်းထားရှိမှု၊ လေယာဉ်ပြေးလမ်းကြံ့ခိုင်မှု အခြေအနေနှင့် လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

> **ကြည့်ရှုစစ်ဆေး**
>
> **ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**
>
> (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စာရေးဝန်ထမ်းအခြေခံ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၂၉) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်အား ချီတက်အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းသားစံပြဆုနှင့် သင်တန်းသူစံပြဆု ရရှိကြသူများအား ဆုများချီးမြှင့်ပြီး အုန်းတောခန်းမ၌ သင်တန်းဆင်း အမှာစကားပြောကြား၍ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရတနာခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈နာရီတွင် လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၏ ပညာရတနာခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ခန်းမဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့ နန်းဟောဝန်ပန်းဥယျာဉ်၌ ကျင်းပသော နန်းဟောဝန်ရေစုကန်မှ ရေဖြန့်ဝေပေးခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနားမှတ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဟင်းသီးဟင်းရွက်နှင့် အလှပန်းစိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့တို့၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် သားနားချောင်ကျေးရွာ၌ စိုင်နိုင်လေး၊ သားနားချောင်နှင့် မိတ္ထီလာကျေးရွာတို့မှ ကျေးလက်ပြည်သူများအား တွေ့ဆုံပြီး စိုင်နိုင်လေး၊ မိတ္ထီလာ၊ ဆင်မြေနှင့် သားနားချောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် သားနားချောင်-မိတ္ထီလာ-စိုင်နိုင်လေး ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းရန်အတွက် ရွှေသပြေကုမ္ပဏီအလှူရှင် ဦးသိန်းဝင်းက ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝက်လက်မြို့နယ် ဟံလင်းစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများအားတွေ့ဆုံပြီး ဟံလင်းကျေးရွာ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်အတွက် အလှူငွေကျပ် တစ်သိန်းစီပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့သို့ရောက်ရှိပြီး ရွှေဘိုမြို့ ရေပေးဝေလျက်ရှိသော အနေးသဲရေစစ်ကန် ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ မဟာနန္ဒာကန်နုန်းတူးဖော်ခြင်းနှင့် တာဖို့ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဆင်ဖြူရှင်လမ်းအား ကျောက်ခင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း ဝက်လက်မြို့၌ ဝက်လက်မြို့ပေါ် ရေပေးဝေလျက်ရှိသည့် ရွှေအိုးတွင်း (၃)ရပ်ကွက် ခရေလမ်း ရေစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝက်လက်-ခေါ်တော-ရွာသာကြီးလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကညွတ်ကွင်း၌ ကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၀

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အားကစားကွင်း၌ (၆၂)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာရွှေဝါကုမ္ပဏီနှင့် မက်(စ်)မြန်မာ ကုမ္ပဏီတို့၏ ကူညီပံ့ပိုးမှုဖြင့် မြို့မိမြို့ဖများ ဦးစီးကျင်းပသော (၁၀)ကြိမ်မြောက် စဉ်ဆက်မပြတ် ကျေးရွာအုပ်စု (၂၀) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။ဖွင့်ပွဲသို့ မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် ဘောလုံးအသင်းသားများ တက်ရောက်ကြပြီး မြို့မိ၊ မြို့ဖ ဦးအောင်မြင့်က ပြိုင်ပွဲကို ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

(ဗ၂၁)

> **ဇန်နဝါရီ ၁၆ ရက်က ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ရေဖြူကန်ကျေးရွာ စက်ရေတွင်းတူးခြင်းကို အမှုဆောင်အရာရှိ ဦးတင်ငွေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (၁၀)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် Workshop on Communication MANA's Strategic Vision and The Way Forward ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် (၁၀)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီ အစည်းအဝေးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် MANA Youth Programme Workshop ကိုလည်းကောင်း ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Life Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်နယ်နှင့်တိုင်းများမှ MANA ဥက္ကဋ္ဌများနှင့် လူငယ်ကော်မတီကို တာဝန်ယူမည့် အလုပ်အမှုဆောင်များ တက်ရောက်ကြမည်ဖြစ်ရာ အစည်းအဝေးတက်ရောက်မည့် ပုဂ္ဂိုလ်များသည် ဖေဖော်ဝါရီ ၂၄ ရက် (အင်္ဂါနေ့) ညနေတွင် ရန်ကုန်အရောက် သတင်းပို့ရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

> **အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ဆင်မင်းရတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ ဦးစီးမှူး ဒေါ်ခင်မမက ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်ကျော်သူထံ စာအုပ်မျိုးစုံ ၁၀၀ ကျော်ကို ပေးအပ်လှူဒါန်းစဉ်။**
>
> (မြို့နယ်ပြန်/ဆက်)

ဖျာပုံခရိုင် လမ်းတံတား၊ တာတမံ၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်း ဖျာပုံမြို့၌ရောက်ရှိနေသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ဒမင်းဆိပ်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာန စစ်ဆေးရေးစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူက ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဒေသအတွင်း ငါးဖမ်းစက်လှေများ ဝင်ထွက်မှုနှင့် ရေလုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ယုဇနဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဒမင်းဆိပ်ကျေးရွာ မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် ကနိစံပြကျေးရွာရှိ အောင်မြေချမ်းသာရကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကနိစံပြကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းပိုင်းရှိ ဒေးဒလူတံတားနှင့် မြို့ကုန်း ရေငန်တားတာတမံပြုပြင်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းပေါ်ရှိ လမ်းတာချဲ့ခြင်း၊ တာမြှင့်ခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ်(၂၅/၅)ရှိ မြို့ကုန်းတံတားသို့ရောက်ရှိရာ တာဝန်ရှိသူက တံတား ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ကျုံကဒွန်း-အမာလမ်း လမ်းတာပေါင်ပဲ့မြေကပ်ခြင်း၊ တာပေါင်ထပ်တင်ဘေးချဲ့ခြင်း၊ ရေကျော်အပိုင်းများကို တာပေါင်အသစ် ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ဖျာပုံခရိုင်အတွင်း ဆက်လက်ဆောင်ရွက်မည့် လမ်းနှင့်တံတားဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များမှာကြားပြီး ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းပိုင်းရှိ မြေသားတာပေါင်အသစ်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဒေါ်ငြိမ်းကျွန်းပတ်တာ တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဒေါ်ငြိမ်းကျေးရွာသို့ ရောက်ရှိကြပြီး လေမုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒဂုန်အင်တာနေရှင်နယ် လီမိတက်မှ တာဝန်ရှိသူက ဧပြီလအကုန်တွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် နောက်မီးကျေးရွာအုပ်စုမှ ဆားလုပ်ငန်းရှင် ဦးအောင်မင်း၏ ဆားကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူက နေလှန်းဆား ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြီး နေလှန်းဆားကွင်း၌ ဆားကြမ်းကျုံးယူနေမှုနှင့် ဆားနမူနာများကို ပြသကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ဧရာဝတီတိုင်းအတွင်းရှိ ဆားလုပ်ငန်းများမှ ယခုနှစ်ဆားရာသီတွင် ဆားတန်ချိန်မက်ထရစ်တန် သုံးသိန်းခန့် ထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် နောက်မီးကျေးရွာရှိ မျှင်ငါးပိလုပ်ငန်း လုပ်ကိုင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာလုပ်ငန်းရှင်က ပင်လယ်ပုစွန် သားပေါက်များဖြင့် မျှင်ငါးပိများ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမာမြို့သို့ ရောက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ တည်ဆောက်မည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ တာဝန်ရှိသူက တည်ဆောက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၏ စားသောက်ကုန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်မြင့်မားလာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်လွင်နှင့် ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်နှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့အား ရန်ကုန်မြို့၌ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ စီးပွားတိုးမြှင့်ရေးကောင်စီ ဥက္ကဋ္ဌ Mr. Syed Mahmudul Huq၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးအတိုင်ပင်ခံ Mr. Shafiqul Islam၊ Sonali Bank မှအထွေထွေမန်နေဂျာ Mr. Md Atiqur Rahman၊ National Credit and Commerce Bank Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr. Mohamad Nurul Amin တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၄နာရီ ၁၅မိနစ် တွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်တွေ့ဆုံကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး ယခုကဲ့သို့ လာရောက်သည့်အတွက် UMFCCI ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် အရေးကြီးသော ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်မြင့်မားလာလျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အလျောက် ဆန်၊ ပဲမျိုးစုံ၊ ငါး၊ ပုစွန်စသော စားသောက်ကုန်ပစ္စည်းများကို တစ်နေ့တခြား တိုးတက်ထုတ်လုပ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၏ စားသောက်ကုန်ပစ္စည်းလိုအပ်ချက်များကို တင်ပို့ရောင်းချဖြည့်စွက်ပေးလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အထူးသဖြင့် ယခင်နှစ်က ဘင်္ဂလားဒေ့ရှ်ကို တိုက်ခတ်ခဲ့သော လေမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ဆန်အခက်အခဲကို ဦးစားပေးကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊

လွန်ခဲ့သောနှစ်က နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ်သွားရောက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခေါင်းဆောင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးကို မြှင့်တင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းအဖွဲ့နှင့်အတူ မိမိနှင့်တကွ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးရှိသော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်၍လည်း လုပ်ငန်းတိုးတက်မှု ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်နှင့် သွားလာရေးလွယ်ကူအောင် လမ်းပန်းဆက်သွယ်မှုများကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ မကြာခင်ကာလတွင် ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားလာရေး၊ ကုန်စည်စီးဆင်းမှုများ တိုးတက်မြင့်မားပြီး လွယ်ကူလာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်မှုကို ပုံမှန်ကုန်သွယ်မှုပုံစံဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုကိုလည်း Normal Trade Procedure အရ စီစဉ်ဆောင်ရွက်ရန် နိုင်ငံတော်က လမ်းညွှန်မှု ပြုထားကြောင်း၊ ကုန်သွယ်ရေးမြှင့်တင်ရန်အတွက် နှစ်နိုင်ငံငွေကြေးကိစ္စချောမွေ့ရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံရှိ MICB, MFTB ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် Corresponding Banks ကိစ္စကို နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မိမိတို့နှစ်နိုင်ငံလုပ်ငန်းရှင်များ ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် နှစ်နိုင်ငံကုန်သွယ်ရေးကို ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ရေး စသည်တို့ကို ဘင်္ဂလားဒေ့ရှ်-မြန်မာ စီးပွားတိုးမြှင့်ရေးကောင်စီက အထူးဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ UMFCCI အနေဖြင့် မိမိတို့နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှု တိုးတက်မြင့်မားလာအောင် အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရေးကို တတ်အားသရွေ့ ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui က မိမိတို့အဖွဲ့ အဓိကလာရောက်ရခြင်းမှာ နှစ်နိုင်ငံစီးပွားရေး အခွင့်အလမ်းများ ဆွေးနွေးရန်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် နည်းနေသေး၍ မြှင့်တင်ရန်လိုအပ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်မှုအသွင်ကို လုပ်ဆောင်လိုကြောင်း၊ ဘဏ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့စေလိုကြောင်း၊ နှစ်နိုင်ငံဘဏ်လုပ်ငန်းများ စပ်ဆိုင်သောကိစ္စရပ်များကို မကြာမီကာလတွင် ရန်ကုန်မြို့၌ ဆွေးနွေးပွဲတစ်ရပ် ကျင်းပလိုကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံလိုပါက လုပ်ဆောင် နိုင်ကြောင်းကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား သိစေလိုပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံအစိုးရအဖွဲ့ထံမှ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ခဲ့သည်။ Mr. Quintana သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီးနောက် ၎င်း၏လိုလားချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကရင်ပြည်နယ်သို့ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ရဟတ်ယာဉ်ဖြင့် သွားရောက်ရန် စီစဉ်ပေးခဲ့သည်။ Mr. Quintana သည် တစ်ရက်ခွဲကြာ ကရင်ပြည်နယ် ခရီးစဉ်အတွင်းတွင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ အစိုးရနှင့်အတူ လက်တွဲ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့သုံးဖွဲ့ဖြစ်သည့် ဦးထိန်မောင်ခေါင်းဆောင်သောအဖွဲ့အား ထော့ကိုကိုးသို့ သွားရောက်၍ လည်းကောင်း၊ ဖဒိုအောင်ဆန်းအဖွဲ့အား ဘုရားကုန်းသို့သွားရောက်၍ လည်းကောင်း၊ ဒီကေဘီအေအဖွဲ့အား မြိုင်ကြီးငူသို့သွားရောက်၍လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းတို့အကောင်အထည်ဖော် နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို Mr. Quintana က လေ့လာခဲ့သည့်အပြင် ဘားအံအကျဉ်းထောင်သို့လည်း သွားရောက်ကြည့်ရှုရာ အကျဉ်းသားများနှင့် သီးခြား တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် Mr. Quintana ၏ မေတ္တာရပ်ခံချက်အရ ၎င်းသည် သံအမတ်ကြီးများ အများစုပါဝင်သော သံတမန် ၃၀ ခန့်နှင့် မြရိပ်ညိုဟိုတယ်၌ တွေ့ဆုံခဲ့သည်။ ထို့နောက်တွင် Mr. Quintana သည် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် မအူပင်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုရန် စီစဉ်ထားသော်လည်း Mr. Quintana မှ သွားရောက်လိုခြင်းမရှိတော့ကြောင်း တင်ပြချက်အရ ယင်းအစီအစဉ်ကို ပယ်ဖျက်၍ အချို့သော သံတမန်များနှင့် နှစ်ဦးချင်း တွေ့ဆုံလိုကြောင်း တင်ပြချက်အတိုင်း သက်ဆိုင်ရာ သံတမန်များနှင့် တွေ့ဆုံနိုင်ရန် အချိန်တိုအတွင်းတွင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ Mr.Quintana သည် ဩစတြေးလျနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ အမေရိကန်ပြည်ထောင်စုမှ သံရုံးယာယီတာဝန်ခံနှင့် ထိုင်းနိုင်ငံမှ အကြီးတန်း သံတမန်များနှင့် နှစ်ဦးချင်း တွေ့ဆုံခွင့်ရရှိခဲ့သည်။ ထို့နောက်တွင် ကုလသမဂ္ဂဌာနေအဖွဲ့နှင့် Mr. Quintana သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးတွင် တွေ့ဆုံလိုကြောင်း တင်ပြချက်အတိုင်း နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၁၈ ရက်နံနက်ပိုင်းတွင် Mr. Quintana သည် နေပြည်တော်သို့ လေယာဉ်ဖြင့် လာရောက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ မြန်မာရှေ့နေများကောင်စီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တွေ့ဆုံစဉ် Mr. Quintana သည် အကျဉ်းကျခံနေရသူများ အခြေအနေနှင့် မြန်မာနိုင်ငံ၏ တရားရေးစနစ်တို့ကို မေးမြန်းခဲ့ရာ တရားသူကြီးချုပ်က မြန်မာတရားစီရင်ရေးစနစ်အကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ရှေ့နေချုပ် ဦးအေးမောင်နှင့် တွေ့ဆုံစဉ်တွင် ရှေ့နေချုပ်က Mr. Quintana အား မြန်မာနိုင်ငံ၏ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်ဖက်မည့် ဥပဒေများ ပြုပြင်ရေးဆွဲရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် Mr.Quintana သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ Mr.Quintana က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တို့နှင့်လည်း တွေ့ဆုံလိုပါကြောင်း ထပ်မံမေတ္တာရပ်ခံချက်အရ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် Mr.Quintana သည် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုနေ့မွန်းလွဲပိုင်းတွင် Mr.Quintana နှင့်အဖွဲ့သည် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်ဦးဆောင်သော မြန်မာ့လူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် နှစ်ဖက်အမြင်များကို ဖလှယ်ခဲ့ကြသည်။ မြန်မာ့လူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံပြီးနောက် Mr.Quintana သည် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ နေပြည်တော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် တွေ့ဆုံစဉ် ၎င်းက ဦးဝင်းတင်နှင့် တွေ့ဆုံခွင့်ရရှိလိုကြောင်း တင်ပြသဖြင့် ဖေဖော်ဝါရီ ၁၉ရက် ညနေ ၃နာရီ မိနစ် ၂၀ တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးသော်လည်း ဦးဝင်းတင်က လက်ခံတွေ့ဆုံခြင်း မပြုသဖြင့် တွေ့ဆုံနိုင်ခြင်း မရှိခဲ့ဘဲ ဦးဝင်းတင် ကိုယ်တိုင်ရေးသားထားသော လက်ရေးစာကိုသာ တာဝန်ရှိပုဂ္ဂိုလ်များက Mr.Quintana ထံ ပေးအပ်ခဲ့သည်။ Mr.Quintana သည် ခရီးစဉ်အပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ သတင်းစာဆရာများအား မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် စိန်ခေါ်မှုများ ရှိနေသေးကြောင်း တွေ့ရှိရသော်လည်း အစိုးရ၏ ဆောင်ရွက်ချက်များသည် အပြုသဘော ဆောင်ပါကြောင်းဖြင့် မှတ်ချက်ပြုသွားခဲ့သည်။ လေဆိပ်တွင် သံတမန်များနှင့်နောက်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိရေးကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် Mr. Quintana ၏ လိုလားချက်အတိုင်း တာဝန်ရှိသူများ၊ သံတမန်များ၊ ကုလသမဂ္ဂဌာနေအဖွဲ့၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော ငြိမ်းချမ်းရေးအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံခွင့်ပြုခဲ့သည့်အပြင် ကရင်ပြည်နယ်နှင့် အကျဉ်းထောင်များသို့ သွားရောက်ခွင့်ပြုရန် တင်ပြချက်များကို အချိန်နှင့်အခြေအနေပေးသည်နှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ထိုကဲ့သို့ Mr. Quintanaနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ရှားစွာ ပြသနေခြင်းပင်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ဦးထိန်မောင်ခေါင်းဆောင်သောအဖွဲ့အား ကရင်ပြည်နယ် ထော့ကိုကိုး တွင် သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များနှင့် ပြည်တွင်း မဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ Mr. Quintana က ရှင်းလင်းပြောကြားရာတွင် "မိမိ၏ ခြောက်ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်ကို အဆုံးမသတ်မီ သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေမှာ ယခုအချိန်အထိ စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရဆဲပင် ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် မြန်မာအစိုးရအဖွဲ့ထံ မိမိကအကြံပြုရာတွင် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ရရှိခဲ့ကြောင်း၊ နေပြည်တော်၌ တရားသူကြီးချုပ်နှင့်တွေ့ဆုံခဲ့ရာတွင် လွတ်လပ်သော တရားစီရင်ရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးဆိုင်ရာ မိမိ၏ အကြံပြုချက်များနှင့် ပတ်သက်၍ ဆွေးနွေးခွင့် ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ရှေ့နေချုပ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကိစ္စ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်ကိစ္စ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတို့နှင့် ပတ်သက်၍ မိမိတို့အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ရာတွင် မိမိ၏ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်၍ အလေးထားမည်ဟု ၎င်းကတုံ့ပြန်ပြောဆိုခဲ့ကြောင်း၊ အင်းစိန်အကျဉ်းထောင်သို့လည်း ရောက်ရှိခဲ့ပြီး အကျဉ်းသားငါးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ အဆိုပါ ထောင်တွင် လေးနာရီကြာမျှ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာကို အပြီးသတ်ပြုစုသွားမည်ဖြစ်ပြီး လာမည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းရန် စီစဉ်ထားကြောင်း" ဖြင့် ပြောကြားသည်။

ထို့နောက် ရိုက်တာ သတင်းဌာနမှ ဦးအောင်လှထွန်းက ကရင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၏ ရလဒ်ကို သိရှိလိုကြောင်း မေးမြန်းရာ Mr. Quintana က ကရင်ပြည်နယ်တွင် မြန်မာနိုင်ငံအစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့သုံးဖွဲ့နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းမ်သတင်းဂျာနယ်မှ ဦးကိုကိုက ဦးဝင်းတင်နှင့် တွေ့ဆုံခွင့် ရရှိခဲ့ခြင်း ရှိ၊ မရှိ မေးမြန်းရာ Mr.Quintana က မိမိသည် ဦးဝင်းတင်နှင့် တွေ့ဆုံလိုသော်လည်း တွေ့ဆုံနိုင်ခြင်းမရှိခဲ့ကြောင်း၊ သို့ရာတွင် ၎င်းထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့ကြောင်း၊ နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ မိမိလာရောက်လျှင် မိမိနှင့်၎င်းတို့ တွေ့ဆုံနိုင်မည်ဟု မျှော်လင့်ပါသည်ဟု အဆိုပါစာတွင် ဖော်ပြထားကြောင်း၊ ယခုတစ်ကြိမ်တွင် ၎င်းအနေဖြင့် မိမိအား မည်သည့်အတွက်ကြောင့် တွေ့ဆုံနိုင်ခြင်းမရှိသည်ကို မိမိမသိရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် Seven Days ဂျာနယ်မှ ဦးမျိုးသာထက်က လွန်ခဲ့သည့်နှစ် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် Mr.Quintana ၏ ခရီးစဉ်နှင့် ယခုတစ်ကြိမ် ခရီးစဉ်တို့၏ ကွာခြားချက်ကို သိရှိလိုပါကြောင်း မေးမြန်းရာ Mr.Quintana က လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မိမိ၏အကြံပြုချက်များနှင့် ပတ်သက်ပြီး တရားသူကြီးချုပ်က အပြုသဘောတုံ့ပြန်သည်မှာ ယခုခရီးစဉ်၏ တိုးတက်မှုပင် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ည ၇ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

အမှာစကားပြောကြား

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုတွင် ကျေးရွာပြည်သူများအား အမှာစကားပြောကြားစဉ်။

(ပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်တို့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု၌ ကျင်းပသော ကျေးရွာပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံ ရပ်မိရပ်ဖများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒါးလက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် အလှူငွေကျပ် သိန်း ၃၀၊ ဘိလပ်မြေအိတ် ၁၅၀၊ ကျေးလက်ဆေးပေးခန်းအတွက် ဘိလပ်မြေ အိတ် ၅၀၊ ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်၊ ကျေးရွာအတွက်အဝတ်အထည်၊ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့တို့အတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ကျေးရွာ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက်မြေပုံမြို့နယ်ကမ်းထောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာနေခြည်ခန်းမ၌ ကျင်းပသော ကျေးရွာပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က အမှာစကားပြောကြားကာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကမ်းထောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက် ဘိလပ်မြေအိတ် ၅၀၀ နှင့် အမိုးသွပ်ပြားအချပ် ၅၀၀၊ ဆေးရုံခွဲစိတ်ခန်း အတွက်အလှူငွေကျပ်သိန်း၃၀နှင့်ကျေးရွာနေ ပြည်သူများအတွက် ဆေးဝါးနှင့် ပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များ၊ အဝတ်အထည်များနှင့် ကမ်းထောင်းကြီးကျေးရွာရှိ လူမှုရေး အသင်းအဖွဲ့ ခြောက်ဖွဲ့အတွက်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကဇူးတိုင်းကျေးရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားကာ ကျောင်းအတွက်ကျောင်းသုံးဗလာစာအုပ်၊ကျေးရွာအတွက် အဝတ်အထည်၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ ဆေးပစ္စည်းများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများကိုပေးအပ်ပြီး ဒေသခံပြည်သူများ၊ ကျေးရွာရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံ ပြည်ပပို့ကုန် မြှင့်တင်ရေးဌာန (Department of Export Promotion) တို့ပူးပေါင်းကျင်းပသည့် ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် (Made in Thai Land Festival) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာ့အေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall၌ ကျင်းပရာ ဂမုန်းပွင့်ကုမ္ပဏီမှတာဝန်ရှိသူများ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး စီးပွားရေးကောင်စစ်ဝန် Mr.Prajuap (P.J) Supinee နှင့် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို DEP မှ Deputy Director General Piramol Charoenpaoက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(အောက်ဝဲပုံ)**

အထူးဈေးရောင်းပွဲတော်ကို ဂမုန်းပွင့် Shopping Mall တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂ ရက်အထိ ဖွင့်လှစ်ကျင်းပပြီး ထိုင်းနိုင်ငံမှ ထုတ်လုပ်သော အဝတ်အထည်၊ လူသုံးအိမ်သုံး၊ အလှကုန်နှင့် စားသောက်ကုန် ပစ္စည်းအမျိုးပေါင်း ၆၀ ကျော်ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း သတ်မှတ်အရောင်းကောင်တာများတွင် ထိုင်းနိုင်ငံထုတ်ပစ္စည်း ကျပ်သုံးသောင်းကျော်ဖိုး အထက် ဝယ်ယူပါက ချက်ချင်းဗလာမပါ ကံစမ်းမဲဖောက်၍ TVနှင့် အိမ်သုံးပစ္စည်းများကို လက်ဆောင်ပေးအပ်မည် ဖြစ်သည့်အပြင် ကံစမ်းမဲဖွင့်ပြီးပါက သတ်မှတ်ထားသော ကူပွန်များတွင် အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်များ ဖြည့်စွက်ပြီး မဲပုံးထဲသို့ထည့်ပေးခဲ့ရုံဖြင့် ရန်ကုန်-ဗန်ကောက်-ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်သုံးစောင်ကိုပါ ကံစမ်းရယူနိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အနောက်ရပ်ကွက် သိန်းနီလမ်းအား ကတ္တရာဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် - ဂျူမုံမင်းသားလေး အပိုင်း(၂၅)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်သားဇော (ရဲအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မယ်လိုဒီ)
၁း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်နဲ့သာဆိုရင် အပိုင်း(၂၃)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၀ ၆။ ၂၀၀၉ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ)
၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကျွန်တော့်ချစ်သူ (အပိုင်း-၈)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှလုံးသားအလှသစ္စာတရား အပိုင်း-(၂၇)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မြန်မာရုပ်ရှင်ဇာတ်ကားသစ်မဝင် ပြသဆဲဇာတ်ကားဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယခုသောကြာပတ် ဖေဖော်ဝါရီ ၂၀ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်ကြသည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဖြိုးနှင့်မင်း ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ အကြည်တော်၏ဝတ္ထုကို စိုးကျော်ဆန်း ဇာတ်ညွှန်းရေးသားကာ လူငယ်ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ(မော်လမြိုင်) ရိုက်ကူးသည့် **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲထုတ်ရန်ရှိသည်** ဟာသဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ကျော်ရဲအောင်၊ ဗေလုဝ၊ လျှမ်းပြည့်၊ စိုးမြတ်သူဇာနှင့် ဟာသသရုပ်ဆောင်များ အင်အားပြည့်ပါဝင်ထားကြသည်။ လူငယ်ဒါရိုက်တာ အဏ်ထော်ဏီ၏ ဟာသရုပ်ရှင်ဇာတ်ကားသရုပ်ဖော်မှုကို ပရိသတ်များအကဲခတ်ကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရုပ်ရှင်

သိပ္ပံရုပ်ရှင် ဇာတ်လမ်းကြိုက်နှစ်သက်သူများအတွက် ကမ္ဘာပေါ်သို့ ရောက်ရှိလာပြီး လူသားတို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို စုံစမ်းရန် ရည်ရွယ်ချက်ရှိသော တစ်ခြားကမ္ဘာမှ ဂြိုဟ်သားများနှင့် ကမ္ဘာမြေပေါ်မှ အာဏာပိုင်များအကြား အမြင်ချင်းကွဲပြားကြပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့်THE DAY THE EARTH STOOD STILL သိပ္ပံဇာတ်ကား နေပြည်တော်ရုံတွင် ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့လယ်ဘုရင်ရုံတွင် အိန္ဒိယ သရုပ်ဆောင်ရာဟူးခန်နား ခေါင်းဆောင်ပါဝင်သည့် ELAAN(စိန်ခေါ်ခြင်း) အမည်ရှိ ဇာတ်ကြမ်းကားပြသမည် ဖြစ်သည်။ မြို့မရုံတွင် အာရှေးကူးမား ခေါင်းဆောင်ပါဝင်သည့် KHILADI ၄၂၀ ဇာတ်ကားပြသမည်ဖြစ်ပြီး ဆုထူးပန်ရုံတွင် မင်းသား ဆူနီးရှက်တီးနှင့် ရှေဖားရှက်သီးတို့ နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားသည့် PRIYTHVI ဇာတ်ကားပြသမည် ဖြစ်သည်။

တစ်ကျော့ပြန်မြန်မာဇာတ်ကားများ

ရွှေဆောင်ရုံတွင် အကယ်ဒမီဆုများစွာ ဆွတ်ခူးရရှိခဲ့သည့် ဒါရိုက်တာ မောင်ယဉ်အောင်၏ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားနှင့် မြို့လယ် ဝဇီရာ၊ ဝဇီရာ(၂)လှိုင်သာယာ၊ မြရတနာ (သာကေတရုံ)တို့တွင် ငယ်သူမို့မသိပါ ဇာတ်ကားများပြသမည်ဖြစ်သည်။

(ကြေးမုံ)

ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲထုတ်ရန်ရှိသည် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

STI Education က Australia နှင့် Singapore

ပညာရေးဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

STI Educationသည် ဩစတြေးလျနိုင်ငံ University of Wollongong UOW, University of Western Sydney UWS,TAFE NSW,Singapore Institute of Materials Management (SIMM), Hospitality Business School Singapore (HBS) တို့နှင့် ပူးပေါင်း၍ ပညာရေးဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ Park Royal နှင့် Traders Hotal တို့၌ ကျင်းပမည်ဖြစ်ရာ Australian Education Consultant Ms. Jean Braid, SIMM မှ ဒါရိုက်တာ Mr. Roger Lee, HBS မှ ဒါရိုက်တာ Mr. Joshua Tan နှင့် STI မှ အတိုင်ပင်ခံ ပုဂ္ဂိုလ်များက ဦးစီးသွားမည်ဖြစ်သည်။

ယင်းပညာရေး ဆွေးနွေးပွဲ၌ UWS နှင့် UOW ပညာရပ်များမှ Degree in Medicine / Surgery / Pharmacy, Nursing, Engineering, Aviation, Maritime, Laboratory Technology, Engineering IT, Commerce, Accounting IT နှင့် အခြားဘွဲ့များအပြင် မဟာဘွဲ့များနှင့် Ph.D ဘွဲ့များလည်းပါဝင်သည်။

TAFE သည် ဩစတြေးလျနိုင်ငံရှိ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးနေသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး ဒီပလိုမာများဖြစ်သည့် Accounting & Business, IT, Building, Construction, Engineering, Children's Services, Commercial Cookery, Hospitality & Tourism, Dental Technology, Nursing, Aged Care, Design, Fine Arts, Fashion, Hair Dressing Beauty, Maritime, Aviation, Music, Media နှင့်အခြားဘာသာရပ်များစွာ ပါဝင်သည်။

Singapore Institute of Materials Management မှ ဒါရိုက်တာ Mr. Roger Lee က Curtin Technology University မှ ချီးမြှင့်သည့် Degree in Commerce အကြောင်းကိုလည်းကောင်း၊ Diploma, Advanced Diploma in Supply Chain Logistics Management ကိုလည်းကောင်း၊ စင်ကာပူ သမ္မတနိုင်ငံရှိ Hospitality Business School မှ ဒါရိုက်တာ Mr. Joshua Tan က Diploma in Hospitality and Tourism Management အကြောင်းကိုလည်းကောင်း၊ သင်တန်းအမျိုးမျိုးအတွက် သင်တန်းပြီးဆုံးပါက လုပ်ကိုင်နိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း မျိုးစုံကိုလည်းကောင်း ရှင်းလင်းပြောကြား ကြမည်ဖြစ်သည်။

ထို့ပြင် ၂၀၀၈ခုနှစ် ပညာသင်နှစ်တွင် သင်တန်းအသီးသီး ပြီးမြောက်အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပညာရေး ဆွေးနွေးပွဲများသို့ စိတ်ပါဝင်စားသူများသည် STI သင်တန်းကျောင်းတည်ရှိရာ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် အမှတ်(၃၇၇) ရွှေဘုံသာလမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၆မှ ၅၀၇၀၄၈၊ ၂၅၀၀၅၆နှင့် ၇၀၀၂၇၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်များမှ မူကြိုကလေးငယ်များ၏ ကာယဉာဏစွမ်းရည်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကာ ပထမ၊ ဒုတိယ၊တတိယဆုရ မူကြိုကလေးငယ်များအား ဆုများချီးမြှင့်သည်။ (၅၀၆)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမက(၁၆) မူလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပရာ သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရရှိသူ ပဉ္စမတန်းမှ မထက်ထက်ဝင်းထိန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီးအတိုင်း ထောက်ကြန့်၊ လှည်းကူး၊ ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ စစ်တောင်းတံတားအသစ်မှ ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်၍ ညအိပ်ရပ်နားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျိုက်ထိုအားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့ ကမ်းနားလမ်းအတိုင်း စီးနင်း၍ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း အကောက်ခွန်ရုံးရှေ့မှ ပေါင်၊ သထုံ၊ ဘီးလင်းလမ်းကြောင်းအတိုင်း ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျိုက်ထို-စစ်တောင်းတံတားအသစ်၊ ဝေါ၊ ဘုရားကြီး၊ ပဲခူး၊ ထောက်ကြန့်လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်၍ ထောက်ကြန့်ကျွန်းအမှတ်(၂၃)၌ ပန်းဝင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ညနေ ၃ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မိုင် ၃၈၀ ခရီးရှည် စက်ဘီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်တိုးလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၁ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

လှိုင်မြို့နယ် အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းလုံးကျွတ် ကြက်ခြေနီ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးအပ်သော ဆေးအိတ်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးတော်ဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေက ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းအားပေးအပ်စဉ်။ (၅၄၃)

လက်ခံတွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံမှူး Mr. Vu Van Minh နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံသားအကျဉ်းသား ၆၃၁၃ ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပြီးနောက် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူအများက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးလည်းဖြစ်သည်။ ဆက်လက်ဆောင်ရွက်ရမည့် မူဝါဒလမ်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်သူတို့နှင့်အတူ လက်တွဲညီညီဆောင်ရွက်လျက်ရှိသည်။

ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသားများကို အကျဉ်းကျခံစိတ်မျိုး ကာလကြာရှည်စွာ မခံစားရစေရန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူသားချင်း စာနာထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့်အနေဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ကျင်းပမည့် တရားမျှတသော ရွေးကောက်ပွဲများတွင်လည်း အများပြည်သူတို့နှင့်အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန်အတွက်လည်းကောင်း ၁၃၇၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ ၆၃၁၃ ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲ၍ လွတ်ငြိမ်းသက်သာခွင့်များ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့် ရက်တိုးမြှင့်ခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ယင်းနေ့မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ရာ နေ့စဉ် လာရောက်ကြည့်ရှုသူ များပြားသည့်အတွက် အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ တိုးမြှင့်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)